ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

## အမိန့်ကြော်ငြာစာအမှတ် ၃၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

## ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၃) | **ဥက္ကဋ္ဌ** |
| ( ခ ) | ဦးမြတ်မျိုးညွန့် | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၅) | အဖွဲ့ဝင် |
| ( ဂ ) | ဦးဖေသန့်ဇော် | မကွေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၁) | အဖွဲ့ဝင် |
| (ဃ) | ဦးငွေထွန်း | တနင်္သာရီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၆) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးခင်မောင်မြင့် | မန္တလေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| (စ) | ဦးစောဖော်ဝင်း | ကရင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းမင်းထွန်း | ကချင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ဇင်ထွန်း | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဈ) | ခွန်ဝင်းဦး | ကရင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ည) | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးစိုးမြင့်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဗိုလ်မှူးကြီးမျိုးမင်းသန့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးကျော်ဇေယျာဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ကြီးဒေါ်ခင်ရတနာထင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၆) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(ခ) ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ငွေကြေးမူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(ဂ) အမျိုးသားစီမံကိန်းများ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ စနစ်တကျစီမံခန့်ခွဲစေ၍ ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက်ရန်၊

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ကူညီဆောင်ရွက်ရန်၊

(င) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊

( စ ) အမျိုးသားအကျိုးစီးပွားတိုးတက်မြင့်မားရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရန်၊

(ဆ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင်ကူညီရန်၊

( ဇ ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရန်၊

( ဈ ) ဘဏ္ဍာများ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လွှတ်တော်၏ ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လာလျှင် လိုအပ်သလိုလေ့လာစိစစ်၍ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ပြန်လည်တင်ပြရန်၊

(ည) ဘဏ္ဍာများ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌက သီးခြားညွှန်ကြားမှုပြုလာလျှင် လိုအပ်သလိုလေ့လာပြုစု၍ ကော်မတီ၏ အကြံပြု အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရန်၊

( ဋ ) ဘဏ္ဍာများ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနှင့် ပတ်သက်သည့် အောက်ပါကိစ္စရပ်များအား လေ့လာ၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ အကြံပြုအစီရင်ခံစာ တင်ပြရမည် -

(၁) **ဘဏ္ဍာများ၊ ငွေကြေးကဏ္ဍ**

(ကက) နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ခိုင်မာရန် လိုအပ်သော ငွေကြေးမူဝါဒများ ချမှတ်နိုင်ရေးအတွက် လေ့လာစိစစ်ခြင်း၊

(ခခ) ငွေရေးကြေးရေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒများ ဟန်ချက်ညီစွာ အပြန်အလှန် အထောက်အကူပြုရေး၊ ဗဟိုဘဏ်၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို အချိန်အခါနှင့်အညီ ဖြစ်ပေါ်တိုးတက်ရေး တို့ကို လေ့လာစိစစ်ခြင်း၊

(ဂဂ) ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျော့ချရေး ထိရောက်အောင်မြင် ရေးအတွက် လိုအပ်သည်များကို လေ့လာသုံးသပ်ခြင်း၊

(ဃဃ) ပြည်ပနိုင်ငံများ၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှရရှိသော ချေးငွေထောက်ပံ့ကြေးများနှင့် စပ်လျဉ်း၍ အကျိုးသက်ရောက်မှု အခြေအနေများကို လေ့လာသုံးသပ်ခြင်း၊

(ငင) နိုင်ငံတော်၌ခိုင်မာသော နိုင်ငံခြားအရန်ငွေကြေးထားရှိနိုင်ရေး အတွက် လိုအပ်သည်များကို လေ့လာသုံးသပ်ခြင်း၊

(စစ) နိုင်ငံတော်၌ အခွန်စနစ်(Tax System)ခိုင်ခိုင်မာမာ ဖြစ်ပေါ်ရေး၊ ထင်သာမြင်သာသည့် မျှတသော အခွန်စနစ်ဖြစ်ပေါ်ရေး၊ ဂျီဒီပီ နှင့် အခွန်အခအချိုး တိုးတက်ရေးတို့အတွက် လေ့လာစိစစ်ခြင်း။

(၂) **စီမံကိန်း၊ ဘဏ္ဍာရေးကဏ္ဍ**

(ကက) ပြည်ထောင်စုအစိုးရအဖွဲ့က ရေးဆွဲအကောင်အထည်ဖော်သော အမျိုးသားစီမံကိန်းများနှင့် အကျိုးသက်ရောက်မှုအခြေအနေ၊

(ခခ) ပြည်ထောင်စုဝန်ကြီးဌာနများက အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်း၏ ကာလတို(၅)နှစ် စီမံကိန်းနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက် မည့် စီမံကိန်းများ၏ လုပ်ငန်းများ လျာထားချက်၊ ရ/သုံးမှန်းခြေ အသုံးစရိတ် ရန်ပုံငွေတောင်းခံချက်များအပေါ် စိစစ်သုံးသပ်ချက်၊

(ဂဂ) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အုပ်ချုပ်မှုအောက်ရှိ နိုင်ငံတော် ဖွံ့ဖြိုးမှုစီမံကိန်းများကို ဘဏ္ဍာနှစ်အလိုက် နှစ်တို/နှစ်ရှည်

အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သင့်လျော်သော ကာလအပိုင်းအခြားအတွင်း လုပ်ငန်းတိုးတက်မှုအခြေအနေ၊

(ဃဃ) ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများနှင့် အကျိုးသက်ရောက်မှုအခြေအနေ၊

(ငင) နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆက်စပ် ပူးပေါင်းအကောင်အထည်ဖော်နေသော နိုင်ငံတော်စီမံကိန်းများအခြေအနေ၊

(စစ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းသို့ လာရောက်လုပ်ကိုင်နေသော ပြည်ပရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်းများ၏ ယေဘုယျအကျိုးသက်ရောက်မှုအခြေအနေ၊

(ဆဆ) နိုင်ငံတကာစီးပွားရေး ဖြစ်ပေါ်မှုအခြေအနေနှင့် မိမိနိုင်ငံ၏ စီးပွားရေးအခြေအနေတို့ကို ဆက်စပ်၍ နိုင်ငံတော်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အခြေအနေ၊

(ဇဇ) ယခင်ခေတ်အဆက်ဆက် အစိုးရအဖွဲ့များ၏ ဆောင်ရွက်ခဲ့သော စီးပွားရေးစီမံကိန်းများနှင့် ရယူသင့်သော လက်တွေ့သင်ခန်းစာများ၊

(ဈဈ) သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု၊ မိမိနိုင်ငံ၏ သယံဇာတ ပစ္စည်းအခြေအနေနှင့် လူ့အရင်းအမြစ် အခြေအနေတို့အပေါ် မှီတည်၍ နိုင်ငံတော်စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊

(ညည) ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ/ ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးစီမံကိန်းများဆိုင်ရာ ကိန်းဂဏန်းအချက်အလက် စာရင်းဇယားများအပေါ် စိစစ်သုံးသပ်ချက်။

(၃) **စီးပွားရေး၊ ကုန်သွယ်ရေးကဏ္ဍ**

(ကက) ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနှင့် မြန်မာ့စီးပွားရေး အခြေအနေ၊

(ခခ) စီးပွားရေးဖြစ်ထွန်းမှုကို အဟန့်အတားဖြစ်စေမည့် Barrier များ၏ အခြေအနေ၊

(ဂဂ) ပြည်တွင်းစီးပွားရေး စီမံကိန်းများ၏အခြေအနေ၊

(ဃဃ) ကုန်သွယ်မှု မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအခြေအနေ၊

(ငင) အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များ၏အခြေအနေ၊

(စစ) အာဆီယံ ပဋိညာဉ်စာတမ်း (ASEAN Charter) နှင့်အညီ အာဆီယံ စီးပွားရေး အသိုက်အဝန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊

(ဆဆ) ကုန်ထုတ်လုပ်သူမှ End User အထိ Supply Chain လုပ်ငန်းစဉ်များ အခြေအနေ၊

(ဇဇ) ကုန်စည်စီးဆင်းမှု လွယ်ကူလျှင်မြန်ချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်မှုအခြေအနေ၊

(ဈဈ) ကုန်ထုတ်လုပ်မှုအရင်းအနှီးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု အခြေအနေ၊

(ညည) ကုန်ကြမ်းတင်ပို့မှုမှ ကုန်ချော (Value Added Goods) တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်မှု အခြေအနေ၊

(ဋဋ) စီးပွားရေးနှင့်ပတ်သက်သည့် အခြားကိစ္စရပ်များအခြေအနေ။

(ဌ) အကြံပြုအစီရင်ခံစာများအပေါ် လွှတ်တော်ဥက္ကဋ္ဌ၏ လွှတ်တော်သို့တင်ပြရန် ညွှန်ကြားချက်ရရှိပါက လွှတ်တော်သို့ ကော်မတီဥက္ကဋ္ဌက အဆိုတင်သွင်းရန်၊

(ဍ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရန်၊

(ၿ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော် အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရန်၊

(ဏ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများနှင့် တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့ အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပညာရှင်များအား အမျိုးသားလွှတ်တော်ရုံးမှ တစ်ဆင့် ဖိတ်ကြား၍ ကြားနာမှုပြုလုပ်နိုင်သည်၊

(ခ) ဘာသာရပ်နှင့် သက်ဆိုင်သည့် မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် စာရင်းဇယား (Data) များကို အမျိုးသားလွှတ်တော်ရုံး မှတစ်ဆင့် သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများထံမှတောင်းခံနိုင်သည်၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များအား လေ့လာဆန်းစစ် တင်ပြခွင့်ရှိသည်၊

(ဃ) ဘာသာရပ်နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop) စာတမ်းဖတ်ပွဲများကို လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် စီမံဆောင်ရွက်နိုင်သကဲ့သို့ အခြားဌာနဆိုင်ရာနှင့်

အဖွဲ့အစည်းများမှပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း တက်ရောက်နိုင်ခွင့်ရှိသည်၊

( င ) စီးပွားရေးစီမံကိန်းများ၊ စက်မှုဇုန်များ၊ ကုန်တင်ကုန်ချဆိပ်ကမ်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သွားရောက်လေ့လာနိုင်သည်။ ထိုသို့သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို အမျိုးသားလွှတ်တော်ရုံးသို့ ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ခ ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ